ရေးတော့အမှန် ဖတ်တော့အသံ

မာတိကာ

ကျေးဇူးတင်ရှိခြင်း
ဒေါက်တာမြင့်ကြည်၏ ဥပဒေပျဉ်
ဒေါက်တာထွန်းတင့်၏ ကျမ်းဦးစကား
ဒေါက်တာ စည်သူရွှေနန်းတင်၏ အမှာစာ
ရွှေးဟောင်းမြန်မာစာသုတေသီ ဦးထွန်းရီ၏ အမှာစာ
ရှေးဟောင်းသုတေသနပညာရှင် ဦးစိန်ဝင်း၏ အမှာစာ
သုတေသီ၏အမှာစာ
သုတေသီ၏ကိုယ်ရေးအကျဉ်း
မာတိကာ
အက္ခရာစဉ်မာတိကာ
နိဒါန်း က
ရည်ရွယ်ချက် ကိ

အပိုင်း–(၁)
ကမ္ပည်းစာများ

အခန်း–(၁)
ကမ္ဘာ့ဦးလူသားနှင့် နွယ်ခွေလူသား ၁
မီးကိုတွေ့ရှိခြင်းနှင့် ဦးနှောက်ဖွံ့ဖြိုးခြင်း ၃
ကျောက်ခေတ်ဦးဆက်သွယ်မှု ၄
ဝတ္ထုပစ္စည်းပေးပို့ခြင်းဖြင့် ဆက်သွယ်ခြင်း ၄
လျှာကိုအသုံးချခြင်းနှင့် စကားပြောခြင်း ၄
ကိုယ်အမူအရာမှ ဘာသာစကားသို့ ၅
အညာသားယဉ်ကျေးမှုနှင့် နံရံပန်းချီများ ၇
အီဂျစ်အရုပ်စာ ၉
ပါမောက္ခရှန်းပိုလီယွန်း ၉
ကျူနီဖောင်းစာ ၁၂
စကား အက္ခရာ စာပေ ၁၆

အခန်း–(၂)
အိန္ဒိယအက္ခရာများ ၁၇
ဗြာဟ္မီအက္ခရာ ၁၇
ခရောသျှဋီအက္ခရာ ၁၉
စာရေးဆက်သွယ်ခြင်း၏အကျိုးကျေးဇူး ၂၀
ဗြာဟ္မီအက္ခရာမှ မြန်မာအက္ခရာများဖြစ်လာပုံ အဆင့်ဆင့် ၂၁
ဗြာဟ္မီအက္ခရာမှ မြန်မာအက္ခရာများဖြစ်လာပုံ ဇယား ၂၂

အခန်း–(၃)
မြန်မာနိုင်ငံသို့ စာရေးသားမှုရောက်ရှိလာခြင်း ၂၃
ပျူစာပေ ၂၄
ပျူအက္ခရာခေတ်ဦး ၂၄
ပျူခေတ် တံဆိပ်စာများ ၂၇
လက်ဝတ်ရတနာများပေါ်မှ ပျူစာများ ၂၉
မောင်ကန်ရွှေပေ ၂၉
ခင်ဘရွှေပေ ၃၀
ကျွန်းတောစုရွှေပေ ၃၁
ပျူစာပါငွေပလားနှင့် ငွေပေများ ၃၁
ယေမ္မာ အစချိုပ်ဋ္ဌိတော် ၃၁
ပျူခဲကမ္ပည်းစာ ၃၂
ပျူနိုင်ငံတော် ၃၂
မွန်ကျောက်စာ ၃၆
ကျန်စစ်သားနန်းတည်ကျောက်စာ ၃၉
ရခိုင်စာပေ ၄၁

အာနန္ဒစန္ဒြမင်းကျောက်စာ ၄၃
ပုဂံခေတ် အစောဆုံးမြန်မာစာပေ ၄၃
စောလူးမင်းကျောက်စာ ၄၅
အလောင်းစည်သူမင်း၏ ရွှေဂူကြီးဘုရားကျောက်စာ ၄၆
ပျူ တရုတ်ကျောက်စာ ၄၆
ရာဇကုမာရ်ကျောက်စာ ၄၇
မြန်မာကျောက်စာများ ၄၇
ပုဂံခေတ်နောက်ပိုင်း တောတွဲ ၅၁
ဒက္ခာရီနှင့် နွားထိန်းရွာကျောက်စာ ၅၁

အခန်း–(၄)
ပျူခေတ် အုတ်ခွက်ဘုရားများ ၅၃
အနော်ရထာမင်း၏အုတ်ခွက်စာများ ၅၄
ကျန်စစ်သားမင်းနှင့် မိဖုရားတို့၏ အုတ်ခွက်ဘုရားပါစာများ ၅၇
အုတ်ခွက်ဘုရားသွန်းလုပ်သောပုံစံခွက်များ ၅၈

အခန်း–(၅)
ကမ္ပည်းစာအမျိုးမျိုး ၅၉
စဥ့်ကွင်းစာ ၅၉
မင်စာ ၅၉
ပလ္လင်စာ ၆၀
ခေါင်းလောင်းစာ ၆၀
ဆည်းလည်းစာ ၆၂
ကြေးစည်စာ ၆၂
ကျောက်ထက်အက္ခရာတင်သော ပိဋကတ်သုံးပုံ ၆၂
ကြေးထက်အက္ခရာတင်သော ပိဋကတ်သုံးပုံ ၆၃
စတီးပြားတွင် ကမ္ပည်းတင်သော ပိဋကတ်သုံးပုံ ၆၅
ကရင်ဘာသာဖြင့် ကျောက်ထက်အက္ခရာ တင်သော ပိဋကတ်သုံးပုံ ၆၅
မွန်ဘာသာဖြင့် ကျောက်ထက်အက္ခရာ တင်သော ပိဋကတ်သုံးပုံ ၆၆
ဆင်စွယ်ကမ္ဗဝါ ၆၆
ကြေးကမ္ဗဝါ ၆၇
ဝတ်လဲတော်ကမ္ဗဝါ ၆၇
ကြေးကမ္ပည်းစာ ၆၇
ဒင်္ဂါးစာ ၆၈
အုတ်ခဲစာ ၆၉
အမြောက်စာ ၆၉
ကျွန်းတိုင်ကမ္ပည်းစာ ၇၀
အလောင်းမင်းတရားကြီး၏ ရွှေပေလွှာ ၇၀
ပေစာ ၇၁
စာထုပ်ကြိုးစာ ၇၃
စာပုရွေ ၇၄
ထန်းပုစာ ၇၄
ထန်းပုဇာတာ ၇၆
ပုရပိုက်စာ ၇၇
ယွန်းထည်ပေါ်တွင်ရေးသော ကမ္ပည်းစာ ၇၈
သမိုင်းနောက်ခံကျောက်စာ ၇၈
လူသားအစ မြန်မာကျောက်စာ ၇၉
ဂီတသင်္ကေတကျောက်စာ ၇၉
ကမ္ဘာ့ပထမဆုံးသတင်းစာ ၈၀
ကမ္ဘာ့ပထမဆုံး ပုံနှိပ်စာ ၈၀
မြန်မာ့ပထမဆုံး ပုံနှိပ်စာအုပ် ၈၀
ကရင်နီကမ္ပည်းကျောက်စာ ၈၁
ချင်းကမ္ပည်းကျောက်စာ ၈၂
ချင်းမူရင်းစာတီထွင်သူ တမန်တော်ပေါင်ကျင့်ဟောက် ၈၃
ကျောက်အရိုးအိုးစာ ၈၆
မြေအရိုးအိုးစာ ၈၇
လှူဒါန်းခေါင်းတွင်ရေးသောစာ ၈၇
မင်းမိန့်ဖြင့်ပြဌာန်းသောသတ်ပုံကျမ်းများ ၈၇
ခရာထောင့် ခရာဝန်း ၈၉
ဘုရင့်စာတိုက်တော် ၈၉

အပိုင်း–(၂)
မြန်မာအသံထွက်စနစ်ကျမ်း

အခန်း–(၆)
မြန်မာစာ၏စနစ် ၉၃
အသံနှင့် အက္ခရာ ၉၃
မွေးကင်းစလူသား၏ သရသံ ၉၃
အသံကြိုး ၉၃
စကားသံဖြစ်အင်္ဂါများ ၉၄
ဌာန် ကရိုဏ်း ပယတ် ၉၅
ဌာန်နှင့် ကရိုဏ်းတို့ထိတွေ့ခြင်း ၉၅
သရသံဖြစ်ပေါ်ပုံ ၉၅
ဝဏ္ဏ ၉၆
သရအမျိုးအစားများ ၉၆
မြစေတီကျောက်စာမတိုင်မီက သရများ ၉၇
ဗျည်းသံဖြစ်ပေါ်ပုံ ၉၇
ပေါ်ရာဇာဗျည်း ၉၈
သင်ပုန်းကြီး ၉၈
ဝဂ် နှင့် ဌာန် ၉၈
အက္ခရာငါးမျိုး ၉၉
ဃောသ အဃောသ ၉၉
သိထိလ ဓနိတ ၁၀၀
နာသိကဗျည်း ၁၀၁
ဒီဃ ရဿ ၁၀၁
မြန်မာသဒ္ဒါ ၁၀၁
အသတ် ၁၀–ပါး ၁၀၂
သတ်ပုံ ၁၀၂
သတ်ညွှန်း ၁၀၂
သတ်အင်း ၁၀၂
သတ်ထူး ၁၀၂
ခွဲထား ၁၀၃
အနက်ခွဲ အသံခွဲ ၁၀၃
အက္ခရာပုံသဏ္ဌာန်ပြောင်းခြင်း ၁၀၄

အခန်း–(၇)
မြန်မာစာအသံထွက်ပုံစနစ် ၁၀၅
အရေးနှင့် အဖတ်ကွာခြားရခြင်း ၁၀၅
အသံပြောင်းစနစ် ၁၀၆
ဗျဉ္ဇနဗုဒ္ဓိကျမ်း ခေါ် အသံ ၁၀ ပါး ၁၀၆
သတ်ထူးကျမ်း ၁၀၆
ရေးတော့အမှန် ရွတ်တော့ကာရန် ၁၀၈
မဟာဂီတ ၁၀၉
အသံပြောင်းသော ဗျည်းတွဲများ ၁၁၀
အသံပြောင်းသော အသတ်များ ၁၁၃
ပုဒ်စပ် ပုဒ်ဖြတ် (သန္ဓိ) ၁၁၅
အသံပြည့်ရွတ်ခြင်း ၁၁၅
အသံဝက်ရွတ်ခြင်း ၁၁၆
နာသိကအက္ခရာနှင့် အသံပြောင်းခြင်း ၁၁၇
အ–သံပြောင်းခြင်း ၁၁၇
ရှေ့သံညင်းကို သံပြင်းသို့ပြောင်းခြင်း ၁၁၇
လုံးချင်းနာမ်ဖြစ်မှု ၁၁၇
ပေါင်းစပ်နာမ်ဖြစ်မှု ၁၁၇
ဟထိုးသံ ၁၁၈
ပင့်ရစ်သံ ၁၁၈
သံယုဂ်ဖတ်နည်း ၁၁၈
သံယုဂ်မရှိဘဲ သံယုဂ်အဖြစ်ဖတ်နေသော စကားလုံးများ ၁၁၈
သံယုဂ်ရှိလျက် ချန်ဖတ်နေသော စကားလုံးများ ၁၁၈
သန္ဓိ အစပ်အဖြတ်မှားနေသောစကားလုံးများ ၁၁၉
အက္ခရာခွဲ၍ ဖတ်ရမည့်စကားလုံးများ ၁၁၉
ဝိဇ္ဇနီသံပါသော ကင်းစီးများ ၁၁၉
ဝိဇ္ဇနီသံပါသော အသတ်များ ၁၁၉
ဝိဇ္ဇနီသံပါသော ဧ သရများ ၁၂၀
ရှေ့ပုဒ်ယှဉ် သရမြုပ်ဖတ်ခြင်း ၁၂၀
အပြည်ပြည်ဆိုင်ရာအက္ခရာဗေဒ ၁၂၀
မြန်မာစာအဘိဓာန်ပါ အသံထွက်စနစ် ၁၂၁
တိုင်းရင်းသားများ၏အသံထွက်များ ၁၂၂

ပါဠိဆင့် ၁၂၃
ဗျည်းတူနှစ်လုံးဆင့်ခြင်း ၁၂၄
ဗျည်းကွဲနှစ်လုံးဆင့်ခြင်း ၁၂၄
ပါဠိပါဒ်ဆင့်ဖတ်နည်း ၁၂၅
မှားလေ့ရှိသော ပါဠိစာလုံးပေါင်းများ ၁၂၆

အခန်း–(၈)
ဇာတိပုညဂုဏ်မာန ၁၂၇
ကျွန်ခေတ် မြန်မာစာအခြေအနေ ၁၂၈
အမျိုးသားကျောင်း ၁၂၉
သတင်းစာ ၁၃၀
တက္ကသိုလ်နှင့် မြန်မာစာ ၁၃၁
ဒက္ခာရီဆန်သော ရှေးဦးမြန်မာရာဇဝင် ၁၃၃
သမိုင်းနောက်ခံ ဇာတ်မာန် ၁၃၄
သမိုင်းနောက်ခံ စာပေမာန် ၁၃၄
အညိုးမခံ စာပေမာန် ၁၃၅
အမျိုးသားရေးသွင်ပြင်လက္ခဏာ ၁၃၇
လက်ဆင့်ကမ်းအမွေ မြန်မာစာပေ ၁၃၇
ဂုဏ်ယူတတ်ကြပါစေ ၁၃၈

အခန်း–(၉)
ရေးတော့အမှန် ဖတ်တော့အသံ ဖြစ်ရသည့်အကြောင်းများ ၁၄၃
အသံတူများ ၁၄၄
ဗျည်းပြောင်းခြင်း ၁၄၄
သရသံပြောင်းခြင်း ၁၄၇
အသတ်သံပြောင်းခြင်း ၁၅၀
သံညင်းမှ သံပြင်းသို့ပြောင်းခြင်း ၁၅၆
အသံဖိခြင်း ၁၅၆
ပုဒ်စပ်ပိတ်ရွတ်ခြင်း ၁၅၇
အခြားသောအသံပြောင်းခြင်း ၁၅၇
အမည် ၁၅၈
သံယုတ် ၁၅၈

အခန်း–(၁၀)
မြန်မာစကားအသံထွက်ပြောင်း စနစ်ပြဇယား ၁၅၉
အပျော်တမ်းပြိုင်ပွဲများပြုလုပ်ခြင်း၏ အကျိုးကျေးဇူး ၂၃၈
သုံးသပ်ချက် ၂၃၉
နိဂုံး ၂၄၄
ရည်ညွှန်းကိုးကားသော စာအုပ်စာတမ်းများ ၂၄၅
လေ့လာခဲ့သောစာအုပ်စာတမ်းများ ၂၄၉
အညွှန်းများ ၂၅၃

ဒေါက်တာထွန်းတင့်၏ ကျမ်းဦးစကား

သုတေသီမောင်မောင်–ဟု ကလောင်အမည်ယူထားရာတွင် သုတေသီ–ဟူသောနာမ်ကို နာမဝိသေသနအဖြစ်ယူ၍ ဝိသေသပြုထားသည်မှာ သူနှင့်အလွန်ဆီလျော်လိုက်ဖက်သည်ဟု ဆိုချင်ပါသည်။ အကြောင်းမှာ ဆရာမောင်မောင်သည် သုတေသနလုပ်ရသည်ကို အလွန်နှစ်သက်မြော်ပိုက်သူဖြစ်သောကြောင့်ဖြစ်သည်။ လူအချို့သည် သုတေသနလုပ်လည်း လုပ်ချင်သည်၊ လုပ်လည်းလုပ်သည်။ လူအချို့သည် သုတေသန မလုပ်လည်းချင်ဘဲ လုပ်နေရသည်။ လူအချို့သည် သုတေသနလုပ်လုပ်ချင်လည်း မလုပ်ဖြစ်။ လူအချို့သည် သုတေသနလုပ်လည်းမလုပ်ချင်၊ လုပ်လည်းမလုပ်ကြပေ။ ဤပုဂ္ဂိုလ်လေးမျိုးတွင် သုတေသီမောင်မောင်သည်ပထမပုဂ္ဂိုလ်မျိုးဖြစ်သည်။သုတေသနကိုထဲထဲဝင်ဝင်မက်မက်မောမောပျော်ပျော်ရွှင်ရွှင် ကျွမ်းကျွမ်းကျင်ကျင်လုပ်နေသူဖြစ်သည်။ သုတေသနကို ယခင်ကလည်းလုပ်ခဲ့သည်၊ ယခုလည်းလုပ်ဆဲ၊ နောင်လည်းလုပ်ဦးမည်ဖြစ်သည်မှာ သေချာပါသည်။

ယခုသုတေသနပြုထားသော ကမ္ပည်းစာများနှင့် မြန်မာအသံထွက်စနစ်ကျမ်း (ရေးတော့အမှန် ဖတ်တော့အသံ) ကို သုတေသီမောင်မောင်က ရှုထောင့်အစုံမှ ရှုမြင်သုံးသပ် သုတေသနပြုတင်ပြထားသည်ကိုတွေ့ရပါသည်။အချက်အလက်ရှာဖွေပုံ၊တွေ့ရှိပုံ၊ဆက်စပ်ပုံ၊သုံးသပ်ပုံ၊တင်ပြပုံ၊ကောက်ချက်ချပုံတို့သည် စနစ်ကျသည်ကိုတွေ့ရပါသည်။

ကျမ်း၏အဓိကရည်ရွယ်ချက်မှာ မြန်မာလူမျိုးတိုင်း မြန်မာစကားကို စနစ်မှန်အသံထွက်ခြင်းသည် အရေးကြီးသောအမျိုးသားရေးသွင်ပြင်လက္ခဏာဟု သိမှတ်ခံယူပြီး မြန်မာစကားကို အထူးသဖြင့် မြန်မာလူငယ်များ စနစ်မှန်အသံထွက်တတ်စေရန်ဖြစ်သည်။ မြန်မာစကားကို မှန်မှန်ကန်ကန်အသံထွက်တတ်မှလည်း မြန်မာစာကို မှန်မှန်ကန်ကန်စာလုံးပေါင်း၍ ရေးတတ်ပေလိမ့်မည်။ ထို့ကြောင့်လည်း ဆရာသုတေသီမောင်မောင်က ရေးတော့အမှန် ဖတ်တော့အသံဟူသော မြန်မာအသံထွက်အကြောင်းကို ကြိုးစားပမ်းစားတင်ပြနေခြင်းဖြစ်သည်ဟုဆိုရပါမည်။

ဤကျမ်းကို ကျောက်ခေတ်လူသားများ စတင်စကားပြောခြင်း၊ အီဂျစ်တွင် အရုပ်စာပေါ်လာခြင်း၊ အိန္ဒိယအက္ခရာများ၊ မြန်မာနိုင်ငံသို့ စာရေးသားမှုရောက်ရှိလာခြင်း၊ ပျူခေတ် ပုဂံခေတ်အုတ်ခွက်ဘုရားများ၊ ကမ္ပည်းစာအမျိုးမျိုး၊ မြန်မာစာ၏စနစ်၊ မြန်မာစကားအသံထွက်ပုံစနစ်၊ ကျွန်ခေတ်မြန်မာစာအခြေအနေ၊ ရေးတော့အမှန် ဖတ်တော့အသံဖြစ်ရသည့်အကြောင်းများ၊ ကျောင်းသားလူငယ်များအချင်းချင်း အသံထွက်ပြိုင်ခြင်း၊ သတ်ပုံပြိုင်ခြင်းတို့၏အကျိုးကျေးဇူး–ဟူ၍ ပြုစုထားသည်ကိုတွေ့ရပေသည်။ ငွေကြေးကုန်ကျမှုမရှိဘဲ၊ ကျောင်းသားလူငယ်များအနေဖြင့် မြန်မာစကားအသံထွက်နှင့် မြန်မာသတ်ပုံကို ပျော်ပျော်ရွှင်ရွှင်ကြီး ချိတ်ဆက်မိအောင် နည်းလမ်းရှာပေးထားသော သုတေသီမောင်မောင်၏စေတနာမှာ ကျမ်း၏အဆီအနှစ်ဟု ဆိုရပေမည်။

ဒေါက်တာထွန်းတင့်
မြန်မာစာအဖွဲ့ဝင်

ရှေးဟောင်းသုတေသနပညာရှင် ဦးစိန်ဝင်း၏ အမှာစာ

ကျမ်းကောင်းတစ်ကျမ်း ပြုစုလိုလျှင် မှီငြမ်းပြုရမည့် ခိုင်ခံ့သောစာအုပ်စာတမ်းများကို ပြည့်စုံစွာစုဆောင်း၍ မိမိကျမ်းနှင့်သက်ဆိုင်သောအချက်များကို ရယူရသည်။ ထိုရည်ညွှန်းကိုးကားသော စာအုပ်စာတမ်းများကို စနစ်တကျဖော်ပြပေးရသည့်အပြင် မည်သည့်အချက်ကိုကိုးကားကြောင်း အောက်ခြေရည်ညွှန်းချက်တွင် စာမျက်နှာဖော်ပြမှသာလျှင် ကျမ်း၏ခိုင်ခံ့မှုဖြစ်လာမည့်အပြင် နောက်သုတေသီတို့အတွက်လည်း အသုံးဝင်ပေလိမ့်မည်။

ဤကျမ်း၏ ပင်မဦးတည်ချက်မှာ မြန်မာစာကို စနစ်မှန်အသံထွက်ခြင်းနှင့်ပတ်သက်၍ အဘယ့်ကြောင့် ရေးတော့အမှန် ဖတ်တော့အသံဖြစ်ရကြောင်း သုတေသနပြုဖော်ထုတ်ထားခြင်းဖြစ်သည်။ သုတေသီမောင်မောင်၏ ရိုးရာယဉ်ကျေးမှုနှင့် မျိုးရိုးဇာတိမာန်စာအုပ်ကိုလေ့လာကြည့်ရာ မြန်မာလူငယ်များအား ယဉ်ကျေးမှုနှင့် မျိုးချစ်စိတ်ကို အားကောင်းစေလိုသူဖြစ်ကြောင်း သူ၏ရည်ရွယ်ချက်ကိုတွေ့ရသည်။ သူရေးပြထားသည့်အတိုင်း ***အစိတ်အဖြာ အင်္ဂါဆယ်ခု ဖတ်မှုမကျွမ်း နားမချမ်း***–ဟူသောရှေးစကားအတိုင်း အသံထွက်မှားနေသည့်ပြဿနာအပေါ် နားချမ်းသာပုံမရပါ။ ကျွန်တော်တို့လူကြီးများလည်း ကြားရကြားရ နားဝမသက်သာ ဖြစ်ရပါသည်။ မောင်ခင်မင် (ဓနုဖြူ) ကဲ့သို့ မြန်မာစာဆရာကြီးများကလည်း စာတစ်တန် ပေတစ်တန် ရေးကြပြောကြသည်မှာ ကြာခဲ့ပါပြီ။ နကမ္ဗပတိ မတုန်မလှုပ်ရှိနေကြဆဲ မှားနေကြဆဲဖြစ်၍ လူငယ်ပိုင်းသာမက လူလတ်ပိုင်းပါ အမှားမစင်ကြတော့ပါ။

ထိုအမှားများကို သုတေသီမောင်မောင်က အပြစ်တင်ထောက်ပြခြင်းမပြုဘဲ လူငယ်များ နားဝင်အောင် အကြောင်းအကျိုးပြ၍ အရေးစနစ် အဖတ်စနစ်ကို ကျမ်းကိုးအထောက်အထားများနှင့်ရှင်းပြထားပါသည်။ အင်္ဂလိပ်ကျွန်ဖြစ်ခဲ့စဉ်က မြန်မာစာကိုနှိမ်ခဲ့ပုံကိုဖော်ပြ၍လည်း မြန်မာစာ မြန်မာစကားအပေါ် လူငယ်များအလေးအနက်ထားရန် ကြိုးစားထားပါသည်။ ကျောင်းသားလူငယ်များအချင်းချင်း ပဟေဠိဝှက်သလို သတ်ပုံအရေးနှင့် အသံထွက်မှန်ကို အနိုင်မခံအရှုံးမပေးစတမ်းလည်း ယှဉ်ပြိုင်ကြရန် ပြိုင်ပွဲပုံစံကို စာမျက်နှာ ၂၃၈ တွင်ဖော်ပြထားပါသည်။ သူ့ရည်ရွယ်ချက်မည်မျှပြန့်ပွားမည်ကိုတော့ ငွေရောင်ပိတ်ကားပေါ်မျှော်ရပါတော့မည်။

ဖလေးဘုရား အခြေကြီးသည်ဟု ကဝသားတို့ဆိုကြပါသည်။ စနစ်မှန်အသံထွက်၍ရွတ်ဖတ်ကြစေရန် ဦးတည်သောကျမ်းဖြစ်သော်လည်း လူငယ်များ အလေးအနက်ထား၍ လိုက်နာကြစေရန် သုတေသီမောင်မောင်က အခြေပျိုးရာတွင် ကျွန်ခေတ်နှံ့နှစ်ခဲ့စဉ်က မြန်မာစာချောင်ထိုးခံရပုံ၊ သီပေါမင်းလက်ထက်တွင် အရေးနှင့်အဖတ်မမှားရန် သတ်ထူးကျမ်းကို မင်းမိန့်ဖြင့်ပြဌာန်းခဲ့ရပုံတို့ကို ရေးပြထားပါသည်။ ထိုမျှမက ကျောက်ခေတ်လူသားများ စကားပြောလာပုံ၊ အရုပ်စာ ကျူနီဖောင်းစာပေါ်လာပုံ၊ ဗျည်းပေါ်လာပြီးမှ ဂရိလူမျိုးတို့က သရများတီထွင်ခဲ့ပုံ၊ ဖိနီရှန်တို့၏ရှေးဦးအက္ခရာများမှ ဥရောပအက္ခရာများဆင်းသက်လာပုံတို့ကိုလည်း လူငယ်များဖတ်ချင့်စဖွယ်ဖော်ပြထားပါသည်။

ထို့နောက် အိန္ဒိယတွင် ဗြာဟ္မီအက္ခရာနှင့် ခရောသျှဋ္ဌီအက္ခရာများပေါ်လာ၍ ဗြာဟ္မီအက္ခရာပွားများ မြန်မာပြည်ကိုရောက်၍ ပျူစာ မွန်စာ ရခိုင်စာ မြန်မာစာများအဖြစ်အသွင်ပြောင်းလာပုံတို့ကို ဓာတ်ပုံများဖြင့်ဖော်ပြ၍ လူသားတို့အတွက် စာပေအရေးအသားပေါ်ပေါက်တိုးတက်လာရခြင်း၏တန်ဖိုး၊ စာပေနှင့် ယဉ်ကျေးမှုဆက်စပ်နေပုံတို့ကို တခမ်းတနားဖြစ်အောင်ပုံဖော်ထားပေသည်။

မြန်မာနိုင်ငံတွင် ကျောက်ခေတ်လူသားများရေးဆွဲခဲ့သော ပြဒါးလင်းဂူနံရံပန်းချီများသာမက ပြဒါးလင်းဂူ၏အနောက်တောင်ဘက်တွင်ရှိသော ကမ်းပါးနီနံရံပန်းချီတွင် သမင်ပုံ ဆင်ပုံတို့ကိုတွေ့ရသည်။ ကယားပြည်နယ် ဖယ်ခုံဒေသတွင်လည်း မြင်းစီးနေပုံ၊ ကျွဲနွားများကိုထိန်းကျောင်းနေပုံများကိုတွေ့ရသည်။

အိန္ဒိယတွင် ဝေဒကျမ်းများကို ကမ္ပည်းတင်ခြင်းမပြုဘဲ အာဂုံဆောင်ခဲ့ကြသည်။ ဘီစီ ရှစ်ရာစုနှစ်က ဗိပြဝအရပ်တွင်တူးဖော်ရရှိသော ရှေးဟောင်း ဗြာဟ္မီအက္ခရာဖြင့်ရေးထားသော အရိုးအိုးကိုရရှိခဲ့ရာ အစောဆုံးဗြာဟ္မီအရေးအသားဟုဆိုကြသည်။ ဘီစီသုံးရာစုတွင် အသောကမင်းကြီးက တတိယသင်္ဂါယနာတင်ခဲ့ရာတွင် နှုတ်ဖြင့်ဆောင်ထားသောပိဋကတ်တော်များကို ကျောက်ထက်အက္ခရာတင်ခဲ့သည်။ အေဒီ ၅၇ တွင် မိဟာမက်၏ မွတ်စလင်ဘာသာရေးခိုရမ်ကျမ်းကို ခရောသျှဋ္ဌီအက္ခရာဖြင့်ရေးခဲ့သည်။ အသောကမင်းကြီး လက်ထက်တွင် ဗြာဟ္မီစာကို အိန္ဒိယအလယ်ပိုင်းတွင်ရေးသားကြ၍ နောက်ပိုင်းတွင် အရေးအသားများ ပြောင်းလာကြရာ ဗြာဟ္မီအက္ခရာမှ ကုသနအက္ခရာ၊ ဂုပ္တအက္ခရာသို့အသွင်ပြောင်းခဲ့သည်။ အိန္ဒိယတိုက်တွင် အက္ခရာများကိုအမည်သတ်မှတ်ရာတွင် ဘုရင်မင်းဆက်အမည်ဖြင့် ယသောဓမန်လက်ရေး၊ ပလ္လဝလက်ရေး၊ ကဒံဗလက်ရေးဟုခေါ်ဝေါ်ခဲ့ကြသည်။ ပြောင်းလဲပေါ်ပေါက်လာသောအက္ခရာများကို ကုသျှနအက္ခရာ၊ ကသျှတရပအက္ခရာ၊ ဂုပ္တအက္ခရာ၊ ကဒံဗအက္ခရာ၊ ပလ္လဝအက္ခရာ၊ ယသောဓမ်အက္ခရာ၊ မောရိယအက္ခရာ၊ တလုကျအက္ခရာဟုခေါ်ကြသည်။ ဗြာဟ္မီအက္ခရာပွားသည် အေဒီ နှစ်ရာစု သုံးရာစုခန့်တွင် တွင် သီဟိုဠ် နီပေါ တိဘက် လာအို ထိုင်း ကမ္ဘောဒီးယား မြန်မာနိုင်ငံများသို့ရောက်ရှိခဲ့သည်။ အချို့အိန္ဒိယကျောက်စာများတွင် မည်သည့်မင်းလက်ထက်ကရေးထိုးကြောင်းဖော်ပြထားရာ ကျောက်စာသက်တမ်းကို တိကျစွာသတ်မှတ်နိုင်သည်။ ထိုကျောက်စာပါလက်ရေးနှင့် သက်တမ်းမသိသောကျောက်စာပါလက်ရေးတို့ကို နှိုင်းယှဉ်ပြီး သက်တမ်းမသိ သောကျောက်စာ၏သက်တမ်းကို ခန့်မှန်းဖော်ထုတ်နိုင်သည်။

ပျူကျောက်စာများတွင် အောက်ခြေစာလုံးပါသောကျောက်စာများသည် ရှေးကျ၍ နောက်ပိုင်းတွင် အောက်ခြေစာမကပ်တော့ဘဲ လိုရာအသံကိုရေးနိုင်လာသော ပျူကျောက်စာများကိုတွေ့ရသည်။ အစောဆုံးပျူစာမှာ ဗိဿနိုးမြို့ဟောင်းမှတူးဖော်ရရှိခဲ့သော အေဒီနှစ်ရာစုခန့်က ဗြာဟ္မီအက္ခရာဖြင့်ရေးထားသော သံဃသိရိဟူသောရွှံ့တံဆိပ်တုံးဖြစ်၍ အစောဆုံးပျူကျောက်စာမှာ ဟန်လင်းမြို့ဟောင်းတွင်တွေ့ရသော အေဒီသုံးရာစု လေးရာစုခန့်ကသချိုင်းကျောက်စာဖြစ်သည်။ သုတေသီမောင်မောင်က ပျူခေတ်ဦး မွန်ခေတ်ဦး ရခိုင်ခေတ်ဦး ပုဂံခေတ်ဦးကျောက်စာမင်စာများကို တင်ပြထားသည့်အပြင် ကျောက်၊ ရွှံ့ မြေအိုး၊ အုတ်ခွက်ဆင်းထု၊ အုတ်ခဲ၊ ကျောက်မျက်ရတနာ၊ ရွှေ ငွေ ကြေး၊ ဒင်္ဂါး၊ ခဲ၊ နံရံ၊ ခေါင်းလောင်း၊ ပလ္လင်၊ ဆည်းလည်း၊ ကြေးစည်၊ အမြောက်၊ ပေ၊ ထန်း၊ စာထုပ်ကြိုး၊ ပုရပိုက်၊ ကျွန်းတိုင်၊ စက္ကူ ဆင်စွယ်တို့တွင် ရေးသားကမ္ပည်းတင်ခဲ့သော ကမ္ပည်းစာအမျိုးမျိုးကို စွယ်စုံကျမ်းသဖွယ်တင်ပြထားသည်။ ခရစ်တော်မပေါ်မီ ၁၁၂၂ ခုနှစ်မှ ၁၂၂၂ ခုနှစ်အထိအုပ်စိုးခဲ့သော ချောင်မင်းဆက်တွင် တီဆေယွန်က ဝါးပြားပေါ်တွင်ရေးသား ထုတ်ဝေခဲ့သော တရုတ်သတင်းစာအကြောင်းကိုလည်းဖော်ပြထားသည်။

ထိုမှပြည့်စုံအောင် ကမ္ဘာ့အရပ်ရပ်မှ ကမ္ပည်းစာသမိုင်းစုံ၊ ပျူ မွန် ရခိုင် မြန်မာကျောက်စာများဖြင့် စာပေယဉ်ကျေးမှုကို တန်ဖိုးထားလာအောင်ဆွဲဆောင်တင်ပြ၍ မြန်မာစာအရေးအဖတ်ကို လူငယ်များ တန်ဖိုးထားထိန်းသိမ်းရန် ကြိုးပမ်းခဲ့သော သုတေသီမောင်မောင်၏ရည်ရွယ်ချက်အောင်မြင်ပါစေဟု ဆုတောင်းလိုက်ရပါသည်။

စိန်ဝင်း
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ရှေးဟောင်းသုတေသနပညာရှင်